ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

(၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက် )**

**[ တနင်္လာနေ့ ]**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ရဲ့ လက်ကိုင်ဖုန်းများ ပိတ်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၄.၇၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

အဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၄-၆-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ တတိယအကြိမ် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၏ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသတွင်းကွင်းဆင်းဆောင်ရွက်ရန်။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဆေးရုံတက်ရောက်ကုသရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ခရိုင်မြေစစ်အစည်းအဝေး။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပခရီးစဉ်။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဆေးရုံတက်ရောက်ကုသရန်။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ အစည်းအဝေးတက်ရောက်ရန်။ ဦးလင်းတင်ငွေ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဌာနတွင်းကိစ္စ… ဌင်းအတိုင်း။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဆေးရုံတက်ရောက်ကုသရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန် - ဖာကျွတ် - လွယ်လင်လျှံ - ပန်လုံ မြေသားလမ်းကို ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန် - ဖာကျွတ် - လွယ်လင်လျှံ - ပန်လုံ မြေသားလမ်းကို ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ကျန်းမာရွှင်လန်း ကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ” ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း၊ ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် ဟိုပန်ခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသအတွက် အဓိက ဆက်သွယ်သွားလာရေးလမ်းကြောင်း ဖြစ်သော ဟိုပန် - ဖာကျွတ် - လွယ်လင်လျှံမှ ပန်လုံ မြေသားလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် ဤမေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုပန်မြို့နှင့် ပန်လုံမြို့သည် အဓိက မြို့ဖြစ်ပြီး “ဝ”ဒေသတစ်ခုလုံး ဝင်/ထွက် သွားလာကြရပါတယ်။ ဟိုပန် - ပန်ကောက် - ပန်လုံ လမ်းသည် (၂၃)မိုင်ရှိ၍ ကတ္တရာလမ်းဖြစ်သော်လည်း ကွေ့ကောက်မတ်စောက်ပါတယ်။ ကျေးရွာများ အတွက် အသုံးပြုမှု နည်းပါးပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ ဆောင်ရွက်ပေးခဲ့သော ဟိုပန် - ဖာကျွတ် - လွယ်လင်လျှံ - ပန်လုံ မြေသားလမ်းမှာ (၁၈)မိုင်သာ ရှည်လျားပါတယ်။

အကွေ့အကောက်ပြေပြစ်ပြီး ကျေးရွာများနှင့် နီးစပ်သဖြင့် ကျေးလက်ပြည်သူများအတွက် အဓိက အားထား အသုံးပြုရတဲ့လမ်း ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း (၂)မိုင်ခန့် ခင်းပေးခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ကျန်အပိုင်းကို ဆက်လက်ခင်းပေးနိုင်ပါရန် လမ်းဦးစီးဌာနသို့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန် ခရိုင်ရှိ ဟိုပန် - ဖာကျွတ် - လွယ်လင်လျှံ - ပန်လုံ မြေသားလမ်းအား လမ်းဦးစီးဌာနမှ အဆင့်(A) သတ်မှတ်၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလို ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ဆူရ်ခွား - ဒွမ်ဗား - ဖာပဟော ရွာချင်းဆက်ကားလမ်း ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ဆူရ်ခွား - ဒွမ်ဗား - ဖာပဟော ရွာချင်းဆက်ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၂) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော် မေးချင်တဲ့ မေးခွန်း ကတော့ ဟားခါးမြို့နယ် ဆူရ်ခွားရွာကနေပြီးတော့ ဒွမ်ဗား - ဖာပဟော ရွာချင်းဆက်ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကိစ္စဖြစ်ပါတယ်။

အကျိုးအကြောင်း တင်ပြချက်အနေနဲ့ကတော့ ဆူရ်ခွား ရွာကနေ ဒွမ်ဗားရွာထိဟာဆိုရင် (၂၄)မိုင်ဝေးပါတယ်။ ဆူရ်ခွား နဲ့ ဖာပဟောရွာ ဆိုတာကတော့ (၂၂)မိုင်ဝေးပေမယ့် ဒီ ဒွမ်ဗားနဲ့ ဖာပဟောက တစ်နေရာတည်းမှာရှိတယ်။ (၆)မိုင်လောက်ပဲ ဝေးတဲ့အတွက်ကြောင့် ဆူရ်ခွားကနေ သတ်သတ်ဟာ အဲဒီလောက်ကြီး မဝေးပါဘူး။ အားလုံးပေါင်းလိုက်ရင်တောင်မှ (၂၈)မိုင်လောက်ပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီရွာနှစ်ရွာဟာဆိုရင် ဆူရ်ခွားကနေ မော်တော်ဆိုင်ကယ်လမ်း မပေါက်သေးပါဘူး။ အဲဒါကြောင့်မို့လို့ ဆူရ်ခွားကနေ (၁၈)မိုင်အထိ တစ်လမ်းတည်းဖြစ်ပြီးတော့ အဲဒီကနေ ဒွမ်ဗားကို (၆)မိုင်၊ အဲဒီ(၁၈)မိုင်ကနေ ဖာပဟောကို (၄)မိုင် ဝေးပါတယ်။ ဒါကြောင့်မို့လို့ ဒွမ်ဗားနဲ့ ဖာပဟောရွာ ဟာဆိုရင် (၆)မိုင်ခန့် ဝေးပါတယ်။ ဒွမ်ဗား - ဖာပဟောရွာတို့အကြား ဆိုင်ကယ်လမ်း ဖောက်ပြီးဖြစ် ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ဆူရ်ခွားကနေ ဒွမ်ဗားနဲ့ ဖာပဟောအထိ ဖောက်လုပ်မယ့် အကွာအဝေးကတော့ (၂၈)မိုင်ဖြစ်ပါတယ်။ ဤရွာ(၃)ရွာနယ်မြေသည် မြေနိမ့်ပိုင်းဒေသဖြစ်ပြီးတော့

ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၁၅၀၀ မှ ၄၀၀၀)ကြားအမြင့်ရှိတဲ့အတွက် မြေသြဇာလည်း အသင့်အတင့်ကောင်းတယ်။

နောက်တစ်ခါ အပူပိုင်းဒေသထွက် သီးနှံများလည်း အလွန်ဖြစ်ထွန်းတဲ့ဒေသ ဖြစ်ပါတယ်။ အထူးသဖြင့် ယခု ဈေးကောင်းရနေတဲ့ "ဝဥ" စိုက်ပျိုးရန် အလွန်ကောင်းသော ဒေသလည်းဖြစ်ပါတယ်။ ကားလမ်းမပေါက်တဲ့အတွက်ကြောင့် စီးပွားဖြစ်စိုက်ပျိုးရန် အလွန်ခက်ခဲပါတယ်။ ၎င်းအပြင် အဲဒီ ဒေသမှာ အင်ကြင်း၊ ကျွန်း၊ ပျဉ်းကတိုး၊ ရှား၊ ဝါးစတဲ့ သစ်ပင်ဝါးပင်များ ပေါများကြွယ်ဝတဲ့ ဒေသလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရွာချင်းဆက် ကားလမ်းဖောက်မယ်ဆိုပါက ဒေသခံပြည်သူများရဲ့ လူနေမှု ဘဝဟာ တိုးတက်လာမှာ သေချာပါတယ်။ ဒါကြောင့်မို့လို့ ဟားခါးမြို့နယ်မှာရှိတဲ့ ဆူရ်ခွား ကျေးရွာက နေပြီးတော့ အရှေ့တောင်ဘက်(၂၄)မိုင်အကွားမှာရှိတဲ့ ဒွမ်ဗားကိုလည်းကောင်း၊ နောက် ဆူရ်ခွားကနေ (၂၈)မိုင်ဝေးတဲ့ ဖာဟောရွာသို့လည်းကောင်း ရွာချင်းဆက် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းပြုပါတယ်။ ကျေးဇူးတင် ပါတယ် အားလုံးကို။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်အတွင်းရှိ ပင်မလမ်းမကြီးများ၌ လိုအပ်သည့် လမ်းပိုင်း များတွင် လမ်းအဆင့်မြှင့်တင်ရန် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေနှစ်ရပ်ဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အင်အားဖြည့် ပူးပေါင်းလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်အတွင်းရှိ ပင်မလမ်းမကြီးများ၌ လိုအပ်သည့် လမ်းပိုင်း များတွင် လမ်းအဆင့်မြှင့်တင်ရန် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေနှစ်ရပ်ဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အင်အားဖြည့် ပူးပေါင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မေးခွန်းကို Power Point ဖြင့် တင်ပြခွင့်ပေးပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်ရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရမ်းဗြဲ မြို့နယ်ဟာဆိုရင် မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်ရှိပါတယ်။ ကျေးရွာအုပ်စု(၅၁)အုပ်စု၊ ကျေးရွာပေါင်း (၂၀၇)ရွာ ရှိပါတယ်။ စုစုပေါင်း လူဦးရေကတော့ (၉၈၀၀၀)ကျော် ရှိပြီးတော့ မြို့ပေါ်နေ လူဦးရေ ကတော့ (၉၉၀၀)ကျော်ဖြစ်ပြီးတော့ ကျေးလက်နေပြည်သူလူထုက (၈၈၀၀၀)ကျော်ဖြစ်ပါတယ်။ ရမ်းဗြဲ မြို့နယ်ဟာ ခရိုင်မြို့ဖြစ်တဲ့ ကျောက်ဖြူမြို့နယ်နဲ့ တောင်ကုတ်မြို့နယ်များသို့ ဆက်သွယ်ထားတဲ့ လမ်းအပါအဝင် ပင်မလမ်းမကြီး (၇)လမ်းရှိပါတယ်။ စုစုပေါင်းအရှည်က (၈၅)မိုင် (၂)ဖာလုံ ရှိပါတယ်။ အဲဒီထဲကမှ (၈၅)မိုင် (၂)ဖာလုံထဲကမှ ကတ္တရာလမ်း စုစုပေါင်း (၁၆)မိုင် (၄)ဖာလုံသာ ရှိပါတယ်။ ကျန်လမ်းပိုင်းဖြစ်တဲ့ (၄၅)မိုင် (၄)ဖာလုံ ကျောက်ချောလမ်း (၃၅)မိုင် (၂)ဖာလုံက အမာခံလမ်းဆိုပေ

မယ့်လည်း တစ်ကယ့်မြေပြင်မှာ မြေသားလမ်းသာသာသာ ရှိနေပါတယ်။ ပင်မလမ်း အခု ကျွန်မ မေးသွားမယ့် ကြယ်ပွင့်ပြမေးခွန်းထဲမှာ (၁)ကနေ(၅)လမ်းပိုင်းမှာ လိုအပ်တဲ့ လမ်းပိုင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

(၁)အနေနဲ့ ကျောက်ဖြူခရိုင်နဲ့ ရမ်းဗြဲမြို့နယ်ကို ဆက်သွယ်ထားတဲ့ ကျောက်ဖြူ-မင်းပြင်-ရမ်းဗြဲ လမ်းဟာဆိုလို့ရှိရင် စုစုပေါင်း (၁၁)မိုင်ရှိပါတယ်။ ကတ္တရာလမ်းကတော့ (၈)မိုင် (၅)ဖာလုံသာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျောက်ချောလမ်းဖြစ်တဲ့ (၁)မိုင်၊ အမာခံလမ်းဖြစ်တဲ့ (၁)မိုင် (၃)ဖာလုံကို ဆောင်ရွက်ရန် ဖြစ်ပါတယ်။ (၂)ဖြစ်တဲ့ ရမ်းဗြဲ-ဒေါရထလမ်းဖြစ်ပါတယ်။ စုစုပေါင်း(၃)မိုင် ရှိပါတယ်။ ကတ္တရာလမ်းကတော့ (၁)မိုင် (၃)ဖာလုံပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ အမာခံလမ်း (၁)မိုင် (၅)ဖာလုံကို ဆောင်ရွက်ရန် လိုအပ်ပါတယ်။ (၃) ဒါကတော့ ရမ်းဗြဲ-ပိန္နဲတောင်-မအီ-တောင်ကုတ်လမ်း ဖြစ်ပါတယ်။ အရှည်မိုင်က စုစုပေါင်း(၉)မိုင် ရှိပါတယ်။ ကတ္တရာခင်းပြီး (၅)မိုင် (၅)ဖာလုံ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျန် ကျောက်ချောလမ်းဖြစ်တဲ့ (၂)မိုင် (၂)ဖာလုံ အမာခံလမ်း (၃)မိုင် (၃)ဖာလုံကို ဆက်လက် လုပ်ဆောင်ဖို့ လိုအပ်လျက်ရှိပါတယ်။

ဒီလမ်းကတော့ ရမ်းဗြဲ-အောင်လှပြင်လမ်း ဖြစ်ပါတယ်။ စုစုပေါင်းအရှည်(၁၃)မိုင် (၄)ဖာလုံ ရှိပါတယ်။ ရမ်းဗြဲမြို့နယ်ရဲ့ လမ်းဦးစီးဌာနဆီမှာ အသေးစိတ် တောင်းကြည့်တဲ့အခါမှာတော့ ကတ္တရာလမ်း (၅)မိုင်လို့ ဖော်ပြထားပေမယ့် ကျွန်မ ဒီလမ်းကို အမြဲတမ်းသွားပါတယ်။ ကတ္တရာလမ်းမြေပြင်မှာ မရှိပါဘူး။ ဒါကြောင့်မို့လို့ စုစုပေါင်း လမ်းမိုင်အရှည်ဖြစ်တဲ့ (၁၃)မိုင် (၄)ဖာလုံကို ပြည်ထောင်စုမှ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။

နောက် ကျောက်ချောင်း-လေးတောင်လမ်း (၆)မိုင် ဖြစ်ပါတယ်။ မြေပြင်မှာတော့ အမာခံ လမ်းဆိုပြီးတော့ စာရွက်မှာတော့ ဖော်ပြတယ်။ တကယ်တမ်း ဤလမ်းဟာ အင်မတန် ဆိုးပါတယ်။ ဒီလိုမျိုး မိုးတွင်းကာလဆိုရင်တော့ အန္တရာယ်ရှိတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ ဆောင်ရွက်ရန် လိုအပ်တဲ့ လမ်းပိုင်းမှာ ဒီ နံပါတ်(၁)မှာ ရမ်းဗြဲ-မင်းပြင်လမ်းဟာဆိုလို့ရှိရင်တော့ (၂)မိုင် (၃)ဖာလုံ လိုအပ်ပါတယ်။ ရမ်းဗြဲ - ဒေါရထလမ်းပိုင်းဆိုလို့ရှိရင်တော့ (၁)မိုင် (၅)ဖာလုံနဲ့ ရမ်းဗြဲ-ပိန္နဲတောင်-မအီလမ်း- တောင်ကုတ် လမ်းသို့ သွားတဲ့လမ်းဆိုလို့ရှိရင် (၅)မိုင် (၅)ဖာလုံ လိုအပ်ပါတယ်။ ရမ်းဗြဲ-အောင်လှပြင်လမ်း ဆိုလို့ ရှိရင် (၁၃)မိုင် (၄)ဖာလုံ တစ်လမ်းလုံး လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ကျောက်ချောင်း-လေးတောင်လမ်း ဆိုလို့ရှိရင်တော့ မြေသားလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်တဲ့ (၆)မိုင် လုပ်ပေးဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ ရမ်းဗြဲမြို့နယ်မှာရှိတဲ့ လမ်းတွေကို လေ့လာလိုက်မယ်ဆိုလို့ရှိရင် ပင်မလမ်း(၇)လမ်းမှာ ချောချောရှုရှု စလယ်ဆုံး သွားလို့ ရတဲ့လမ်းဆိုလို့ရှိရင် တစ်လမ်းမှ မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့ ပြည်နယ်ဘတ်ဂျက်နဲ့ လုပ်မယ် ဆိုလို့ရှိရင်တော့ ကျွန်မ ကျောက်နီမော်-ရမ်းဗြဲလမ်းကို အဲတုန်းကလည်း တင်ပြခဲ့ပါတယ်။ (၁၆)မိုင် ရှိတဲ့လမ်းကို (တစ်နှစ်တာ) ပြည်ထောင်စုဝန်ကြီးက ဖြေသွားတဲ့အထဲမှာတော့ တစ်နှစ်တစ်မိုင်နှုန်းနဲ့ (၁၆)နှစ်လုပ်ရမယ့်အတိုင်းအတာမှာ ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ပြည်နယ်ဘတ်ဂျက်နဲ့ ဒါ လုံလောက်မှု

မရှိတဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်နဲ့ တင်ပြဖို့အတွက် ကျွန်မ လေးစားစွာ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးဟန်ဇော် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန် - ဖာကျွတ် - လွယ်လင်လျှံ - ပန်လုံ မြေသားလမ်းကို ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းမှာရှိတဲ့ ဟိုပန် - ဖာကျွတ် - လွယ်လင်လျှံ - ပန်လုံလမ်း အရှည်အားဖြင့် (၁၈)မိုင် (၄)ဖာလုံဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနဲ့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့က စီမံခန့်ခွဲတဲ့လမ်းဖြစ်ပြီး ကျေးရွာမြေအလိုက် လမ်းအရှည်သတ်မှတ်ထားမှုများကတော့ ဟိုပန်ရွာမှ ဖာကျွတ်ရွာအထိ (၅)မိုင်၊ ဖာကျွတ်ရွာမှ လွယ်လင်လျှံ အထိ (၄)မိုင်၊ လွယ်လင်လျှံရွာမှ မုန်းကွန်ရွာအထိ (၁)မိုင် (၄)ဖာလုံ၊ မုန်းကွန်ရွာမှ လုံးတုံရွှေ၊ ပန်မော့ရွာအထိ (၁)မိုင် (၄)ဖာလုံ စုစုပေါင်း (၁၂)မိုင် ဖြစ်ပါတယ်။ အဆိုပါ ဟိုပန်ရွာမှ ပန်မော့ရွာအထိ လမ်းအရှည်(၁၂)မိုင်ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေပြီး ပန်မော့-ပန်လုံလမ်း(၆)မိုင် (၄)ဖာလုံ ကတော့ လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်တဲ့ ပန်မော့-ပန်လုံလမ်း(၆)မိုင် (၄)ဖာလုံ ကတော့ (၁၈)ပေအကျယ်နဲ့ (၁၂)ပေအကျယ် ကတ္တရာလမ်းများအဖြစ် ဆောင်ရွက်ပေးထားခဲ့ပြီး ဖြစ်ပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်တဲ့ ဟိုပန်ရွာမှ ဖာကျွတ်ရွာအထိ လမ်းအရှည် (၅)မိုင်အနက် (၂)မိုင် (၀.၀၃၃)ဖာလုံနဲ့ မုန်းကွန် -လုံးတုံရွှေ-ပန်မော့လမ်း (၁)မိုင် (၄)ဖာလုံတို့ကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာစဉ်တစ်လျှောက် ကျန်ရှိနေတဲ့လမ်းပိုင်းများအနက် (၁)မိုင် (၀.၃)ဖာလုံမှာ အဆင့်မြှင့်တင်ဖို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၁၂)လ ရန်ပုံငွေမှာ

ထည့်သွင်းလျာထားထားပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းနှင့် ကျန်ရှိတဲ့လမ်းပိုင်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ ဆက်လက်ထည့်သွင်း လျာထားပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ဟားခါး မြို့နယ်အတွင်းရှိ ဆူရ်ခွား - ဒွမ်ဗား - ဖာဟော ရွာချင်းဆက်ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါးမြို့နယ်အတွင်းရှိ ဆူရ်ခွား - ဒွမ်ဗား - ဖာဟော ရွာချင်းဆက်လမ်းဟာ ဆူရ်ခွားမှ လမ်းခွဲအထိ (၁၈)မိုင်ရှိပြီးတော့ လမ်းခွဲက ဒွမ်ဗားအထိ (၆)မိုင်ခန့်နှင့် လမ်းခွဲမှ ဖာဟောအထိ (၄)မိုင်ခန့်ရှိလို့ စုစုပေါင်းလမ်းအရှည် (၂၈)မိုင်ရှိပြီး နယ်မြေခွဲဝေ သတ်မှတ်ချက် အရ နယ်စပ်ရေးရာဝန်ကြီးဌာနအပိုင်နယ်မြေဖြစ်ပါတယ်။ အဆိုပါလမ်းကို လမ်းအဆင့်မြှင့်တင်ဖို့အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ မေတ္တာရပ်ခံချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းအရှည် (၁၄)မိုင်ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း၊ ကျန်(၁၄)မိုင်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ လည်းကောင်း၊ (၂၄)ပေအကျယ် မြေသားလမ်းဖောက်လုပ်ပေးနိုင်ဖို့အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းလျာထားရန် လုပ်ငန်းစီမံချက် ရေးဆွဲပေးပို့ထားပြီးဖြစ်ပါတယ်။ အဆိုပါ ရေးဆွဲ ထားတဲ့ လုပ်ငန်းစီမံချက်မှာ ဖော်ပြထားတဲ့ ဘဏ္ဍာရေးနှစ်များထက် ပိုပြီးစောနိုင်သမျှစောပြီး ရန်ပုံငွေ ထည့်သွင်းလျာထားပေးနိုင်ရေးအတွက် ကျွန်တော်တို့ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်အတွင်းရှိ ပင်မလမ်းမကြီးများ၌ လိုအပ်တဲ့လမ်းပိုင်းများမှာ လမ်း အဆင့်မြှင့်တင်ရန် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေနှစ်ရပ်နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အင်အားဖြည့် ပူးပေါင်းလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက ရမ်းဗြဲမြို့နယ်အတွင်းမှာရှိတဲ့ စနဲ(ခိုမင်)လမ်းဆုံ-ရမ်းဗြဲလမ်း(၁၁)မိုင်၊ ပိန္နဲတောင်-ရမ်းဗြဲလမ်း (၉)မိုင် (၃)ဖာလုံ၊ ရမ်းဗြဲ-ကန်တော့ပြင်-ကျောက်ချောင်း-အောင်လှပြင်လမ်း (၁၃)မိုင် (၄)ဖာလုံ၊ ရမ်းဗြဲ- လေးတောင်-သပြေဆိပ်လမ်း (၁၆)မိုင် (၆)ဖာလုံ၊ ကျောက်ချောင်း-လေးတောင်လမ်း(၆)မိုင်၊ ရမ်းဗြဲ- ဒေါရထလမ်း (၃)မိုင်နဲ့ ရမ်းဗြဲ-ကျောက်နီမော်လမ်း (၂၅)မိုင် (၅)ဖာလုံ၊ စုစုပေါင်း လမ်းအရှည် (၈၅)မိုင် (၂)ဖာလုံကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေ စုစုပေါင်း ကျပ်(၂၃၀၄.၉၂၅)သန်းနဲ့ ကွန်ကရစ်လမ်း (၄)ဖာလုံ၊ ကတ္တရာလမ်း (၂)မိုင် (၂)ဖာလုံ၊ ကျောက်ချောလမ်း (၅)မိုင် (၃.၅)ဖာလုံ၊

ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၂)မိုင် (၄)ဖာလုံ၊ ခွဲကျောက်ဖြည့်ပြီး ဖြုန်းကျောက်စရစ်ခင်းခြင်း (၂၆)မိုင် (၂)ဖာလုံ၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၆)မိုင် (၂)ဖာလုံနဲ့ (၅၀)ပေအောက် တံတား(၅၈)စင်း တို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းအပြင် တံတားများအနေနဲ့ ရမ်းဗြဲ-ကျောက်နီမော် လမ်းပေါ် မှာရှိတဲ့ သစ်ပုတ်ချိန်တံတား ပေ(၁၈၀)ကို ပြည်နယ်ရန်ပုံငွေကျပ် (၅၉၉)သန်းဖြင့်လည်းကောင်း၊ ဇင်ချောင်း-ကင်းမြောက်-လေးတောင်လမ်းပေါ်မှာရှိတဲ့ ကင်းချောင်းတံတား(၁၂၅၆)ပေကို ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း(၂၀၀၀)ဖြင့်လည်းကောင်း စတင်ဆောက်လုပ်ပေးခဲ့ပါတယ်။

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လရန်ပုံငွေမှာ သစ်ပုတ်ချိန်တံတား အပြီးသတ် တည်ဆောက်ခြင်းလုပ်ငန်းနှင့် (၁၈)ပေအကျယ် ကွန်ကရစ်လမ်း (၄)ဖာလုံ၊ ကျောက်ချောလမ်း (၉)မိုင် (၃)ဖာလုံ၊ အမာခံလမ်း (၄)မိုင် (၆.၅)ဖာလုံ၊ မြေသားတာပေါင်ချဲ့ခြင်း (၂)မိုင် (၄)ဖာလုံ၊ ကျောက်စီရေမြောင်း(၃၂၁၅)ပေ၊ (၅၀)ပေအောက် သံကူကွန်ကရစ်တံတား (၁၉)စင်း တည်ဆောက်ခြင်း လုပ်ငန်းတို့အတွက် ပြည်နယ်ရန်ပုံငွေ ကျပ်(၂၃၅၄.၉၀)သန်းနှင့်လည်းကောင်း၊ ကင်းချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း(၃၀၀၀)ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေ နှစ်ရပ်အင်အားဖြည့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ ဆောင်ရွက်ပေးလျက်ရှိတဲ့လုပ်ငန်းများ အပြင် ရမ်းဗြဲမြို့နယ်အတွင်းမှာရှိတဲ့ လမ်း၊ တံတားလုပ်ငန်းများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မှာ (၁၈)ပေအကျယ် ကွန်ကရစ်လမ်း (၂)မိုင် (၄)ဖာလုံ၊ မြေသားတာပေါင်မြှင့်တင်ခြင်းနှင့် ဒု-အခြေခံ လွှာခင်းခြင်း (၃)မိုင် (၁)ဖာလုံ၊ ပေ(၅၀)နှင့်အထက် သံကူကွန်ကရစ်တံတား(၂)စင်း တည်ဆောက်ခြင်း စတဲ့လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ ပြည်နယ်ရန်ပုံငွေကျပ်(၂၉၅၉.၃၇၃)သန်းနဲ့ ကင်းချောင်းတံတား တည်ဆောက်ခြင်းအတွက် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း(၃၀၀၀)တို့ကို လျာထားတင်ပြ တောင်းခံ ထားပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ နေပြည်တော် ကောင်စီဝင် တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက်ကြီးတွင် မုန်တိုင်းကြောင့် ပျက်စီးနေသော မင်းဂံခန်းမကို ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် က ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက်ကြီးတွင် မုန်တိုင်းကြောင့် ပျက်စီးနေသော မင်းဂံခန်းမကို ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်မှ ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတာကတော့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက်တွင် မုန်တိုင်းကြောင့် ပျက်စီးသွားသော မင်းဂံခန်းမကြီးကို ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရန် ခွင့်ပြုနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ရပ်ကွက်ပေါင်း(၃၂)ရပ်ကွက်ရှိသည့် အနက် မင်းဂံရပ်ကွက်သည် ဧရိယာအကျယ်ဆုံး၊ အိမ်ခြေအများဆုံး၊ လူဦးရေအများဆုံးရပ်ကွက်ကြီး တစ်ခုဖြစ်ပါတယ်။ မင်းဂံရပ်ကွက်တွင် အကွက်ပေါင်း (၁၇)ကွက်ရှိပြီး ဝေသာလီအားကစားကွင်း အပါအဝင် ဘုန်းတော်ကြီးကျောင်းများ၊ ဝန်ထမ်းအိမ်ရာကွက်များ၊ တန်ဖိုးနည်းတိုက်ခန်းများ၊ ဈေးဆိုင် ခန်းများရှိပြီး အိမ်ခြေ(၄၀၀၀)ခန့်၊ လူဦးရေ (၂၀၀၀၀)ခန့်ရှိပါတယ်။ မင်းဂံရပ်ကွက်ကို ၁၉၈၈ ခုနှစ် အရေးအခင်းနောက်ပိုင်း န.ဝ.တ အစိုးရမှ ၁၉၈၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်တွင် ရပ်ကွက်ကြီးအင်္ဂါရပ်နဲ့ညီအောင် ခန်းမတစ်ခု တည်ဆောက်နိုင်ရန် နပခ တိုင်းမှူးမှ ဒုတိယတိုင်းမှူးအား ညွှန်ကြားခဲ့ပြီး စစ်တွေခရိုင်၊ ခဝတ ဥက္ကဋ္ဌ ဦးဆောင်၍ နယ်မြေတာဝန်ခံဗိုလ်ကြီး၊ မြို့နယ်စည်ပင်အရာရှိ၊ မြို့နယ်မြေစာရင်းအရာရှိ၊ မြို့နယ်စည်ပင်အင်ဂျင်နီယာတို့ အစီအမံဖြင့် ဦးမြဝါလမ်း၊ (က)တန်း၊ အကွက်(၁)ရှေ့တွင် ၁၉၉၁ ခုနှစ်က မင်းဂံခန်းမကို ငွေကောက်ခံ၍ စုပေါင်း တည်ဆောက်ခဲ့ကြပါတယ်။ ကုန်ကျငွေကို ယင်းအချိန်က ရောက်ရှိနေပြီးဖြစ်သော ရပ်ကွက်သူ၊ ရပ်ကွက်သားများထံမှ အိမ်အလိုက် ကောက်ခံ၍ သုံးစွဲခဲ့ခြင်းဖြစ်ပါတယ်။

ယင်းသို့ ရပ်ကွက်သူ၊ ရပ်ကွက်သားများ ကြိုးပမ်းတည်ဆောက်ခဲ့သော မင်းဂံခန်းမမှာ ၂၀၀၈ ခုနှစ် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့ရာ ယခုအချိန်အထိ ပြန်လည်ပြုပြင် နိုင်ခြင်း မရှိသေးဘဲ ပုံပါအတိုင်း ပျက်စီးနေမြဲဖြစ်ပါတယ်။ Power point သုံးစွဲခွင့်ပြုပါခင်ဗျား။ ရပါပြီ။ ထိုသို့ မပြုပြင်ဘဲ ပျက်စီးနေသော မင်းဂံခန်းမကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် ၂၈-၂-၂၀၁၆ ရက်နေ့က တစ်ရပ်ကွက်လုံး အစည်းအဝေးခေါ်ယူ၍ ရပ်မိရပ်ဖ(၂၇)ဦး ပါဝင်သော ကော်မတီတစ်ရပ်ကို ဖွဲ့စည်း ပြီးကြိုးပမ်းလာခဲ့ကြရာ ကော်မတီအနေဖြင့် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ တင်ပြ ဆွေးနွေးခဲ့သော်လည်း အဆင်မပြေသဖြင့် ယင်းအချိန်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ၃-၃-၂၀၁၆ ရက်နေ့တွင် မင်းဂံခန်းမ ပြန်လည်ပြုပြင်နိုင်ရေး စာဖြင့် ရေးသားတင်ပြခဲ့ကြပါတယ်။

သို့သော်လည်း ဒုတိယလွှတ်တော်သက်တမ်းမှာတက်လာသော ဝန်ကြီးချုပ်ထံသို့ တာဝန်လွှဲပြောင်းပေးအပ်မည့် အချိန်ကာလနှင့် တိုက်ဆိုင်နေ၍ မဆောင်ရွက်နိုင်ခဲ့သဖြင့် ဝန်ကြီးချုပ်အသစ်သို့ ဆက်လက်တင်ပြရန် အကြံပြုခဲ့ပါတယ်။ လက်ရှိ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ထံသို့လည်း ဤကိစ္စကို တင်ပြထားပြီး ဖြစ်ပါတယ်။

ထို့ကြောင့် ဤကဲ့သို့ ရပ်ကွက်ကြီးတစ်ခုတွင် တစ်ရပ်ကွက်လုံးဆိုင်ရာကိစ္စရပ်များအတွက် ခန်းမကြီးတစ်ခု အမှန်တကယ် မရှိမဖြစ် လိုအပ်ပါသဖြင့် မုန်တိုင်းကြောင့် ပျက်စီးသွားသော ခန်းမအဆောက်အဦမှာလည်း ပြန်လည်ပြုပြင်က ဖြစ်နိုင်ခြေရှိသဖြင့် ပျက်စီးယိုယွင်းနေသော မင်းဂံခန်းမကြီးအား ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ လူဦးရေ(၂၀၀၀၀)ကျော်ရှိသော ရပ်ကွက်ကြီး၏ လူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မင်းဂံ ခန်းမ ယိုယွင်းပျက်စီးနေသည့် မြင်ကွင်းပုံ (ပ)



မင်းဂံ ခန်းမ ယိုယွင်းပျက်စီးနေသည့် မြင်ကွင်းပုံ (ပ-၁)



မင်းဂံ ခန်းမ ယိုယွင်းပျက်စီးနေသည့် မြင်ကွင်းပုံ (ပ-၂)



**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကျောက္ကာလမ်း(သံလမ်းကူး)၏ တောင်ဘက်ကပ်လျက် အမှတ်(၂) ပြည်ထောင်စုလမ်းမကြီး(အများသွားလာရန်လမ်း)ပေါ်နှင့်အထက်မှ ပင်မလျှပ်စစ်ကြိုးကြီး တည့်တည့် အောက်၌ ကျူးကျော်ဆောက်လုပ်နေထိုင် အသုံးပြုနေသော ယခင်က စစ်ပြန်ကြီး စောဘလင်း ထန်းရည်ဆိုင်၊ ယခုအရက်ဆိုင်နှင့် ငှားရမ်းထားသော ဆိုင်ခန်း(၄)ခန်းတို့အား ဖယ်ရှားရန် ခေတ်အဆက်ဆက်အကြောင်းကြားစာများ ထုတ်ဆင့်ခဲ့သော်လည်း လက်တွေ့ဖယ်ရှားခဲ့ခြင်းမရှိဘဲ အစိုးရအဆက်ဆက် လျစ်လျူရှုနေခဲ့သဖြင့် အခြားဈေးသည်များမှ ၄င်းနည်းအတိုင်း ကျူးကျော် ဆောက်လုပ်ရန် ပြင်ဆင်နေပါသောကြောင့် အဆိုပါ ကျူးကျော်အဆောက်အအုံကို ယခုအစိုးရ လက်ထက်၌ အပြီးအပြတ် ဖယ်ရှားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကျောက္ကာလမ်း(သံလမ်းကူး)၏ တောင်ဘက်ကပ်လျက် အမှတ်(၂) ပြည်ထောင်စုလမ်းမကြီး(အများသွားလာရန်လမ်း)ပေါ်နှင့်အထက်မှ ပင်မလျှပ်စစ်ကြိုးများတည့်တည့် အောက်၌ ကျူးကျော်ဆောက်လုပ်နေထိုင် အသုံးပြုနေသော ယခင်က စစ်ပြန်ကြီး စောဘလင်း ထန်းရည် ဆိုင်၊ ယခုအရက်ဆိုင်နှင့် ငှားရမ်းထားသော ဆိုင်ခန်း(၄)ခန်းတို့အား ဖယ်ရှားရန် ခေတ်အဆက်ဆက် အကြောင်းကြားစာများ ထုတ်ဆင့်ခဲ့သော်လည်း လက်တွေ့ဖယ်ရှားခဲ့ခြင်းမရှိဘဲ အစိုးရအဆက်ဆက် လျစ်လျူရှုနေခဲ့သဖြင့် အခြားဈေးသည်များမှ ၄င်းနည်းအတိုင်း ကျူးကျော်ဆောက်လုပ်ရန် ပြင်ဆင်နေ ပါသောကြောင့် အဆိုပါ ကျူးကျော်အဆောက်အအုံကို ယခုအစိုးရလက်ထက်၌ အပြီးအပြတ် ဖယ်ရှားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု

အဆင့်ဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းတစ်ရပ်ကို မေးမြန်းအပ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ကျောက္ကာလမ်း (သံလမ်းကူး)တောင်ဘက် အမှတ်(၂)ပြည်ထောင်စုလမ်းမကြီး(အများသွားလာရန်လမ်း)ပေါ်မှာ အထက်မှာ ပင်မလျှပ်စစ်ဓာတ်ကြိုးကြီးအောက်တည့်တည့်တွင် ကျူးကျော်ဆောက်လုပ်ထားတဲ့ ယခင် စစ်ပြန်ကြီး စောဘလင်း ထန်းရည်ဆိုင်၊ ယခုအရက်ဆိုင်နှင့် ငှားရမ်းထားသော ဆိုင်ခန်း(၄)ခန်းတို့အား ဖယ်ရှားရန် ခေတ်အဆက်ဆက် အကြောင်းကြားစာများ ပေးပို့ခဲ့သော်လည်း လက်တွေ့ဖယ်ရှားခြင်းမရှိဘဲနဲ့ အစိုးရအဆက်ဆက် လျစ်လျူရှုနေခဲ့လို့၊ အခြားဈေးသည်များကလည်းပဲ ၎င်းနည်းအတိုင်း ကျူးကျော် ဆောက်လုပ်ရန် ပြင်ဆင်နေကြလို့ ကျူးကျော်အဆောက်အအုံကို ယခုအစိုးရလက်ထက်မှာ အပြီးအပြတ် ဖယ်ရှားရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာမြို့ဟာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးစိုက်ရာ အနောက်မြောက်တိုင်းမြို့တော် ဖြစ်ပါတယ်။ လူနေထူထပ်ပြီးတော့ စီးပွားရေးမြို့တော်လည်း ဖြစ်ပါတယ်။ မုံရွာမြို့မှာ မူလရှိပြီးဖြစ်တဲ့ ပြည်ထောင်စုလမ်းမကြီးနဲ့အပြိုင် မီးရထားသံလမ်းရဲ့ အရှေ့ဘက်မှာ အမှတ်(၂)ပြည်ထောင်စုလမ်းမကြီးအပြင် ယခုအစိုးရလက်ထက်မှာ မူလရှိပြီးဖြစ်တဲ့ မြေသားလမ်းကို မွမ်းမံဖောက်လုပ်ခဲ့ပါတယ်။ မလွှတ်ကင်းတဲ့ တိုက်တာအိမ်ခြေ အလုံး(၄၀)ခန့်ကိုလည်းပဲ ဖယ်ရှားခဲ့ရပါတယ်။ ၂၀၁၅ ခုနှစ်မှာ အစိုးရသစ်တက်လာလို့ ကျန်အပိုင်းများကို ဆက်လက် မလုပ်ဆောင်ဘဲ ရပ်ဆိုင်းထားတာကို တွေ့ရပါတယ်။ ယခု ကျူးကျော်ဆောက်လုပ်တဲ့နေရာဟာ ကျွန်တော်တင်ပြခဲ့တဲ့ အမှတ်(၂)လမ်းမကြီးပေါ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုဖို့ တင်ပြတောင်းခံအပ်ပါတယ်။ အရင်က စစ်ပြန်စောဘလင်းအမည်နဲ့ ထန်းရွက်တဲကြီးနဲ့ထန်းရည်ဆိုင် ဖွင့်လှစ်ရောင်းချခဲ့ပါတယ်။ ယခုအချိန်မှာ အရက်ရောင်းပါတယ်။ ဆိုင်ခန်း(၄)ခန်းကိုလည်းပဲ အခကြေးငွေနဲ့ ငှားရမ်းထားပါတယ်။ အဲဒီအဆောက်အဦဟာ အရင်ကတည်းက အများသွားလာရာလမ်းမပေါ်မှာ ဥပဒေနဲ့ ဆန့်ကျင်ပြီးတော့ ကျူးကျော်နေထိုင်ခြင်း ဖြစ်ပါတယ်။ ဘယ်လိုဆန့်ကျင်သလဲဆိုရင် (၁) မိဘများ လက်ထက်ကတည်းက ယနေ့သားသမီးများကာလထိ နှစ်ကာလရှည်ကြာစွာ နေထိုင်ခြင်း၊ (၂) ပိုက်ရေ တွင်းတူးပြီးတော့ အသုံးပြုနေခြင်း၊ (၃) ပင်မလျှစ်စစ်ဓာတ်အားလိုင်းရဲ့ အောက်တည့်တည့်မှာ နေထိုင်လို့ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၆)ရက်နေ့မှာ အဲဒီကျူးကျော် အဆောက်အဦက အမျိုးသမီးတစ်ဦးဟာ ဓာတ်လိုက်သေဆုံးခြင်း၊ (၄) အညစ်အကြေးများ စွန့်ပစ်ရာမရှိလို့ မျက်နှာချင်းဆိုင်က မီးရထားသံလမ်းမှာ စွန့်ပစ်နေရခြင်း၊ (၅) ကျူးကျော် အဆောက်အအုံမှာရှိတဲ့ အရက်ဆိုင်ကို မြို့နယ်အုပ်ချုပ်ရေးဌာနများက အရက်လိုင်စင်စည်းကမ်းနဲ့ မညီညွတ်တာကို သိပါလျက်နဲ့ အရက်လိုင်စင်ကို စဉ်ဆက်မပြတ် ခွင့်ပြုနေခြင်းတို့ ဖြစ်ပါတယ်။

အဲဒီလို ဥပဒေမဲ့ကျူးကျော်နေထိုင်ခြင်း၊ ဥပဒေမဲ့စီးပွားရှာစားခြင်း၊ အင်္ဂါရပ်မကောင်းတဲ့ ကျူးကျော်အဆောက်အဦကြောင့် မုံရွာမြို့တော်ရဲ့ဂုဏ်အင်္ဂါကို ထိပါးနေရုံမျှမက အများသွားလာရာ လမ်းမကြီးမှာ ပြည်သူများအတွက် များစွာခက်ခဲနေပါတယ်။ မုံရွာမြို့လူထုရဲ့ဆန္ဒအတိုင်း အမြန်ဆုံး ဖယ်ရှားသင့်ပါပြီ။ အဲဒီလို ဥပဒေမဲ့ဖြစ်စဉ်များ စဉ်ဆက်မပြတ် ဖြစ်ပေါ်နေတာကို မုံရွာမြို့ လျှပ်စစ်ဌာနက အန္တရာယ်ဖြစ်နေတာကို ဘယ်အတွက်ကြောင့် ဒီလောက်ကြာတဲ့အထိ လျစ်လျူရှုနေကြတာလဲ။ မုံရွာစည်ပင်သာယာအဖွဲ့က နေ့စွဲအသီးသီးနဲ့ Notice စာများ ထုတ်ဆင့်ခဲ့သော်လည်း အဘယ် အကြောင်းကြောင့် လက်တွေ့ မဖယ်ရှားကြတာလဲ။ မီးရထားကုမ္ပဏီလို့ မြေစာရင်းရဲ့ မြေစာရင်း မြေပုံမှာ အမည်ပေါက်ကာမျှနှင့် လက်ရှိအများသွားလာရန်လမ်းအဖြစ် မူလကတည်းက အသုံးပြုနေတဲ့ လမ်းကို ကျူးကျော်နေတာ ဘယ်အခွင့်အရေးကြောင့် မျက်နှာလွှဲနေကြတာလဲလို့ မုံရွာမြို့လူထုက မေးနေကြပါပြီ။ အဲဒီလို အခြေအနေတွေကြောင့် ကျွန်တော်ကိုယ်တိုင် ၁၀-၁၀-၂၀၁၆ နေ့စွဲနဲ့ စစ်ကိုင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြခဲ့ပါတယ်။ Power Point မှာ ဖော်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ယနေ့အချိန်ထိ ဆောင်ရွက်မပေးခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၇၁ အရ မုံရွာမြို့နယ်တရားရုံးမှာ ရာဇဝတ်ကြီးပုဒ်မ ၁၆၈၃/၂၀၁၆ နဲ့ တရားစွဲဆိုခဲ့ပါတယ်။ ၁၇-၅-၂၀၁၇ နေ့မှာ မုံရွာမြို့နယ်တရားရုံး ရာဇဝတ်အထူးအာဏာရတဲ့ တွဲဖက်တရားသူကြီး-၁ ကနေမှ တရားခံဖြစ်သူကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၅(၁)အရ အပြီးအပြတ် လွှတ်ခဲ့ပါတယ်။ ကျွန်တော် လွှတ်တော်နားရက်မှာ မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မုံရွာမြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ တာဝန်ရှိသူများနဲ့ တရားလိုဘက်က လိုက်ပါဆောင်ရွက်တဲ့ ဥပဒေအရာရှိတို့ကို ခေါ်ပြီးတော့ အစည်းအဝေး လုပ်ခဲ့ပါတယ်။ ကာလစည်းကမ်းသတ်မကျော်ခင်မှာ အထက်တရားရုံးအဆင့်ဆင့်တွေကို အယူခံမှု ပြင်ဆင်မှုတွေ တက်ရောက်ဖို့ ပြောခဲ့သော်လည်းပဲ တက်ရောက်ခြင်းမရှိခဲ့ပါဘူး။ အဲဒီအမှုဟာ ကာလစည်းကမ်းသတ် ယခုအချိန်မှာ ကျော်လွန်သွားခဲ့ပါပြီ။ အဘယ်အကြောင်းကြောင့် မတက် ရောက်တယ်ဆိုတာကိုတော့ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုအခြေအနေတွေကြောင့် အများသွားလာရာလမ်းမပေါ်မှာ ဥပဒေနဲ့မညီညွတ်တာကို သိပါလျက်နဲ့ မျက်ကွယ်ပြုထားကြလို့ မြို့လူထုက အာဏာပိုင်အဖွဲ့အစည်း များအပေါ်မှာ သံသယဝင်စရာ ဖြစ်နေပါတယ်။ အဲဒီကျူးကျော်အဆောက်အဦကို အချိန်မီ ဖယ်ရှားနိုင်ရင် အခြားဈေးသည်များကလည်း ၎င်းနည်းအတိုင်း အပြိုင်ကျူးကျော် ဆောက်လုပ်ရန် ပြင်ဆင်နေကြပါတယ်။ အဲဒါကြောင့် အဲဒီကျူးကျော်အဆောက်အဦကို ယခု အစိုးရသစ်လက်ထက်မှာ အပြီးအပြတ်ဖယ်ရှား ရှင်းလင်းရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မုံရွာမြို့သူမြို့သားများရဲ့ကိုယ်စား မေးမြန်းအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ကျူးကျော် အရက်ဆိုင်၏ မြင်ကွင်းပုံ (ဖ)




မီးရထားသံလမ်းအနား စွန့်ပစ်ထားသည့် အညစ်အကြေးမြင်ကွင်းပုံ (ဖ-၁)



ကျူးကျော် အဆောက်အအုံ၏ မြင်ကွင်းပုံ (ဖ-၂)



**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကုံကော်ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံးနှင့် ကပ်နေသည့် စိန်ပန်းလမ်းနှင့် ကုံကော်ရပ်ကွက်လမ်းမကြီးပေါ်တွင် ကျူးကျော်၍ ဆောက်လုပ်တည်ခင်းရောင်းချနေသည့် ဆိုင်ခန်းပေါင်း(၄၀)ခန့်နှင့် ပတ်သက်၍ မည်သို့စီမံဆောင်ရွက်ထားပြီး ကျိုက်ထိုမြို့၏ မူလဈေးဟောင်းမြို့မဈေးနှင့် ပတ်သက်၍ မည်သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကုံကော်ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံးနှင့် ကပ်နေသည့် စိန်ပန်းလမ်းနှင့် ကုံကော်ရပ်ကွက်လမ်းမကြီးပေါ်တွင် ကျူးကျော်၍ ဆောက်လုပ်တည်ခင်း ရောင်းချနေသည့် ဆိုင်ခန်းပေါင်း(၄၀)ခန့်နှင့် ပတ်သက်၍ မည်သို့စီမံဆောင်ရွက်ထားပြီး ကျိုက်ထိုမြို့၏ မူလဈေးဟောင်းမြို့မဈေးနှင့် ပတ်သက်၍ မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကုံကော်ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံးနဲ့ ကပ်လျက်ရှိနေတဲ့ စိန်ပန်းလမ်းနှင့် ကုံကော်

ရပ်ကွက်လမ်းမကြီးပေါ်မှာ ကျူးကျော်ဆောက်လုပ်ပြီး တည်ခင်းရောင်းချနေတဲ့ ဆိုင်ခန်းပေါင်း(၄၀)နဲ့ ပတ်သက်ပြီး မည်သို့ စီမံဆောင်ရွက်ထားသည်။ ပြီးတော့ ကျိုက်ထိုမြို့ မူလဈေးဟောင်း မြို့မဈေးကြီး နှင့်ပတ်သက်ပြီးတော့ မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့မှာ တရားဝင်ဈေးကြီး (၂)ခုရှိပါတယ်။ သို့သော် ကံ့ကော်ရပ်ကွက်လမ်းမကြီးနဲ့ ဗိုလ်ချုပ်လမ်းမကို ဆက်သွယ်ထားတဲ့ စိန်ပန်းလမ်းထဲမှာ ကျူးကျော်ဈေး၊ တရားမဝင်ဈေးတစ်ခု ရှိနေပါတယ်။ မြို့ရဲ့ဥပဒေစိုးမိုးရေးကို စိန်ခေါ်နေသလို ဖြစ်နေတာကတော့ ဈေးရှိတဲ့စိန်ပန်းလမ်းနဲ့ကပ်လျက်မှာ ဗိုလ်ချုပ်လမ်းကိုမျက်နှာမူထားတဲ့ မြို့နယ်စည်ပင်သာယာရေးရုံးကြီးရှိနေခြင်းပဲ ဖြစ်ပါတယ်။ ဘာမှအရေးယူဆောင်ရွက်မှု မရှိတာကိုလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးပြီးတော့ တင်ပြခွင့်ပြုပါခင်ဗျား။ အခု မြင်ရတာကတော့ ဗိုလ်ချုပ်လမ်းကို မျက်နှာမူထားတဲ့ မြို့နယ်စည်ပင်သာယာရေးရုံး ဖြစ်ပါတယ်။ အခု မြင်ရတာကတော့ စည်ပင်သာယာရေးရုံးက ထွက်ပေါက် ဖြစ်ပါတယ်။ အခုမြင်ရတာကတော့ စည်ပင်သာယာရေးရုံးနဲ့ ကပ်လျက် စိန်ပန်းလမ်းထဲမှာ ကျူးကျော်အခိုင်အမာ ဆောက်လုပ်ထားတဲ့ ကျူးကျော်ဆိုင်များပုံ ဖြစ်ပါတယ်။ အခုမြင်ရတာကတော့ ကျူးကျော်ဆောက်လုပ်ရောင်းချနေကြတဲ့ဆိုင်ခန်းများ ဖြစ်ပါတယ်။ အခုမြင်ရတာကတော့ လမ်းမကြီးပေါ်မှာ ဆောက်လုပ်ထားတဲ့ဆိုင်ခန်းများ ဖြစ်ပါတယ်။ ဒါက ဈေးမခင်းမီ အဆောက်အဦများ ဘယ်လောက်ရှိလဲဆိုတာကို ပြထားတဲ့ပုံဖြစ်ပါတယ်။ ဒါ ဗိုလ်ချုပ်လမ်းနဲ့ ကပ်လျက် စိန်ပန်းလမ်းပေါ်မှာ ကျူးကျော်ဆောက်လုပ်ထားတဲ့ ဆိုင်ခန်းများ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဈေးသည်များ စားဝတ်နေရေးအတွက် ဈေးရောင်းချခွင့်ရှိရမှာ ဖြစ်ပါတယ်။ သို့သော် အများပြည်သူများ အနှောင့်အယှက်ဖြစ်စေမယ့်၊ ဥပဒေမဲ့ လမ်းပေါ် ကျူးကျော်ဆောက်လုပ်ရောင်းချနေမှုမျိုးတော့ မဖြစ်သင့်ပါ။ ကျူးကျော်ဆောက်လုပ်ထားတဲ့ ဈေးခန်းများကလည်းပဲ စည်ပင်သာယာရေးရုံးနဲ့ ကပ်လျက်ရှိနေတာဖြစ်ပါတယ်။ ငါးစိမ်းများရောင်းချလို့ ထွက်လာတဲ့အရည်များ မြောင်းထဲမှာကျန်ပြီးတော့ အနံ့ဆိုးများလည်းပဲ ပတ်ဝန်းကျင်ကို ပျံ့လွင့်နေ ပါတယ်။ ဈေးသည်များကလည်း စနစ်တကျရောင်းချနိုင်ရေးနဲ့ အများပြည်သူအဆင်ပြေရေး၊ မြို့ရဲ့ ဂုဏ်ကျက်သရေ မထိခိုက်စေရေး၊ ဈေးသည်များ စနစ်တကျ တရားဝင်ရောင်းချနိုင်ရေးအတွက် အခု ကျူးကျော်ဆိုင်(၄၀)ခန်းခန့်ကို ဘယ်လိုစီမံဆောင်ရွက် ထားကြောင်း သိလိုတဲ့အပြင် ကျိုက်ထိုမြို့နယ် စတည်ကတည်းကရှိခဲ့တဲ့ မူလ ဈေးဟောင်း မြို့မဈေးကြီးဟာ အခုဆိုလို့ရှိရင် အဆောက်အဦများ လည်း မကောင်းတော့ပါ။ ကျိုးတိုးကျဲတဲနဲ့ ကျီးနဲ့ဖုတ်ဖုတ် ဖြစ်နေပါပြီ။ စိန်ပန်းလမ်းနဲ့ ကံ့ကော် ရပ်ကွက်လမ်းမကြီးထဲက ကျူးကျော်ဆိုင် ရောင်းချသူများလည်းပဲ တရားဝင်ဆိုင်ခန်းများ ရောင်းချခွင့် ရှိဖို့လိုသလို မြို့မဈေးကြီးလည်းပဲ ပြန်လည်စည်ကားဖို့အတွက် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် မြို့မဈေးကြီးနဲ့ ပတ်သက်ပြီးတော့ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မြို့နယ်စည်ပင်သာယာရုံး၏ ရှေ့မျက်နှာစာမြင်ကွင်းပုံ (ဗ)



စည်ပင်သာယာရုံး အရှေ့ဘက်ထွက်ပေါက်နှင့် ကပ်လျက်ရှိသည့် ကျူးကျော်ဆိုင်ခန်းများ၏ မြင်ကွင်း ပုံ (ဗ-၁)



လမ်းပေါ်တွင်ဆောက်လုပ်ထားသည့် ဆိုင်ခန်းများ၏ မြင်ကွင်းပုံ (ဗ-၂)



**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဦးအောင်မြင်ထွန်း (နေပြည်တော်ကောင်စီဝင်)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မေးခွန်းများကို ဖြေကြားပေးမယ့် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း ဖြစ်ပါတယ်။ ပထမအနေနဲ့ မေးခွန်းမေးမြန်းတဲ့ ပုဂ္ဂိုလ်များ အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ကျွန်တော် တင်ပြပါရစေ။

ပထမဆုံးဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ရဲ့ မေးခွန်းကို ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် စတင်ဖြေကြားဖို့ ဖြစ်ပါတယ်။ မှန်ပါတယ်။ စစ်တွေမြို့ မင်းဂံရပ်ကွက်မှာ မုန်တိုင်းကြောင့် ပျက်စီးနေတဲ့ မင်းဂံခန်းမကြီး ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုလို့ရှိရင် ပျက်စီးနေတဲ့ မင်းဂံခန်းမကြီးကို ပြန်လည်ပြုပြင် ဖို့ရာအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသလိုပါပဲ။ ၂၈-၂-၂၀၁၆ ရက်နေ့မှာ အစည်းအဝေး ခေါ်ယူပြီးတော့ ရပ်မိရပ်ဖ (၂၇)ဦးပါဝင်တဲ့ ကော်မတီတစ်ရပ် ဖွဲ့စည်းကြိုးပမ်းလာခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ကော်မတီမှာ စစ်တွေ စည်ပင်သာယာရေးအဖွဲ့ကို တင်ပြဆွေးနွေးခဲ့တာ အဆင်မပြေဖြစ်တယ်ဆိုတာလည်း တွေ့ရပါတယ်။ နောက် ၃-၃-၂၀၁၆ မှာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ထံ တင်ပြခဲ့ကြောင်းလည်း သိရှိရပါတယ်။ အဲဒီတင်ပြချိန်မှာပဲ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာ တက်လာတဲ့ ဝန်ကြီးချုပ်ကို တာဝန်လွှဲပြောင်းပေးရမယ့်အချိန် ဖြစ်နေတဲ့အတွက် မဆောင်ရွက်နိုင်ခဲ့ ပါဘူး။ ဝန်ကြီးချုပ်အသစ်ကို ဆက်လက်တင်ပြခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။

အဲဒီတင်ပြမှုကြောင့်လည်း ကျွန်တော် အခုဖြေကြားမှာကတော့ မင်းဂံခန်းမဟောင်း မြေနေရာကို အခုအစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုနှင့် ရပ်ကွက်နေပြည်သူများ ရေရရှိရေးလုပ်ငန်းများ၊ ရေ စက်ရုံ၊ ရေလှောင်ကန်များ တည်ဆောက်ပေးနိုင်ဖို့ရာအတွက် JICA ကနေပြီးတော့ မြေနေရာကို သုံးပုံ နှစ်ပုံခန့် မင်းဂံရေပေးဝေရေးအတွက် အသုံးပြုမှာဖြစ်ပါတယ်။ အဲဒီလိုပဲ ကျန်မြေနေရာကို ရပ်ကွက်နေ ပြည်သူလူထုမှတင်ပြတဲ့ မင်းဂံခန်းမ တည်ဆောက်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်ဘတ်ဂျက်မှာ ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါတယ်။ အကယ်၍ ရန်ပုံငွေခွဲဝေရရှိလို့ရှိရင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

(၂)ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးလှဦး ရဲ့ မေးခွန်းကို နေပြည်တော်ကောင်စီက ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်း မှန်တာတော့ မှန်နေပါတယ်။ အဲဒီတော့ အဲဒီကိစ္စကို စစ်ပြန်ကြီး စောဘလင်း ထန်းရည်ဆိုင်၊ ယခုအရက်ဆိုင်၊ ငှားရမ်းထားတဲ့ ဆိုင်ခန်း(၄)ခန်းကို ဖယ်ရှား

နိုင်ဖို့ရန် မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန(၃)ခုက စစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေး ပြီးတော့ ဆောင်ရွက်ခဲ့ကြပါတယ်။ အဲတော့ ဦးစောဘလင်း ပါဝင်တဲ့ ကျူးကျော်အဆောက်အအုံများကို မြို့နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၀ နှင့် ဖယ်ရှားရှင်းလင်းဖို့ရန် နောက် မြန်မာ့မီးရထားကလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖယ်ရှားရှင်းလင်းဖို့ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ကနေ ၂၈-၉-၂၀၁၆ ရက် နေ့စွဲပါစာအမှတ် ၄/၇-၄(၂၄)/(၂၄၅၃) အထွေထွေနှင့် ညွှန်ကြားထားရှိပြီးပဲ ဖြစ်ပါတယ်။

အဲဒီတော့ ဒီကိစ္စကို မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီက တရားလိုပြုလုပ်ပြီးတော့ တရားစွဲဆိုခဲ့ပါတယ်။ အဲဒီတော့ စစ်ပြန်ကြီးစောဘလင်း နှင့် ငှားရမ်းထားသော ဆိုင်ခန်း(၄)ခန်းတို့ဟာ မြေပေါ်မှာကျူးကျော်ဆောက်လုပ်၊ စည်ပင်သာယာရေးမြေပေါ်မှာ ကျူးကျော်ဆောက်လုပ်ထားခြင်း မဟုတ်ဘဲ မီးရထားမြေပေါ်မှာ ဆောက်လုပ်ထားကြောင်း ပေါ်ပေါက်ပါတယ်ဆိုပြီးတော့ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၄၅(၁)အရ အမှုကနေအပြီးအပြတ် Acquittal လုပ်ခဲ့ပါတယ်။ အဲတော့ Acquittal လုပ်တယ်ဆိုတဲ့နေရာမှာပေါ့။ ဥပဒေနှင့်မညီတဲ့အတွက် လွှတ်ပေးလိုက်တယ်။ အဲဒီလို လွှတ်ပေးလိုက် တာကို ကျွန်တော်တို့ ဒီ ဥပဒေရုံးများမှတစ်ဆင့်သာ တက်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ အစကတည်းက ဒီမြေဟာ ဘယ်သူပိုင်တယ်၊ မပိုင်ဘူးဆိုတာ နည်းနည်း အားနည်းချက်ရှိမယ်လို့တော့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

အခုတော့ ဒီဟာက ဒီမြေဟာ မီးရထားစီမံကိန်းဌာနရဲ့ နယ်မြေဖြစ်တယ်။ ဒါကြောင့် မီးရထားမြေပေါ်မှာ ဆောက်လုပ်နေတဲ့ အဆောက်အဦတွေပေါ်မှာ မီးရထားဌာနရဲ့ လုပ်ထုံးလုပ်နည်း နှင့်အညီ စိစစ်ဆောင်ရွက်ဖို့ ညွှန်ကြားခဲ့ရာမှာ မြန်မာ့မီးရထားအင်ဂျင်နီယာမှူး မြို့ပြရုံး တိုင်းအမှတ် (၂)ရွာထောင်ကနေပြီးတော့မှ ကျူးကျော်ဖယ်ရှား ရှင်းလင်းနိုင်ရေးအတွက် Notice စာ ထုတ်ပြန် ဆောင်ရွက်နိုင်ဖို့ရန် တိုင်းတာဝန်ခံ တိုင်း(၂)ရွာထောင်နှင့် ညှိနှိုင်းဆောင်ရွက်နေဆဲ ဖြစ်နေပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

နံပါတ်(၃)အနေနဲ့ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြား မှာဖြစ်ပါတယ်။ မှန်ပါတယ်။ ကျိုက်ထိုမြို့ရဲ့ မူလဈေးဟောင်းဖြစ်တဲ့ မြို့မဈေးကြီးဟာ ဈေးအင်္ဂါရပ်နှင့် အညီ ပြန်လည်စည်ကားနိုင်ဖို့ရာအတွက် ကျွန်တော်တို့ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မြို့မဈေး အဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ရာ ဘတ်ဂျက် ကျပ်သန်း (၅၀၀) ထည့်သွင်းလျာထားခဲ့ပြီးဖြစ်ပါတယ်။ မူလဈေးဟောင်း မြို့မဈေးကြီးကို ဘက်စုံ အဆင့်မြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဆိုပါ မြို့မဈေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှာ ပုံကျဈေးရုံများ တည်ဆောက်ပေးခြင်း လုပ်ငန်းလည်း ပါဝင်မှာဖြစ်ပါတယ်။ ခုနတုန်းက ကိုယ်စားလှယ်တော်ကြီး မေးခွန်းမှာ အမိန့်ရှိသွား သလိုပါပဲ။ ကံ့ကော်ရပ်ကွက်၊ စိန်ပန်းလမ်းမှာရှိတဲ့ ပုံကျဈေးသည်တွေကို မြို့မဈေးကြီးအတွင်းမှာရှိတဲ့

ပွဲကျဈေးရုံများမှာ ဈေးရောင်းချနိုင်ဖို့ရာ နေရာချထားပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကံ့ကော်ရပ်ကွက်၊ စိန်ပန်းလမ်းမှာရှိတဲ့ လမ်းမကြီးပေါ်မှာ ကျူးကျော်ဆောက်လုပ်ရောင်းချနေတဲ့ ပွဲကျဈေးဆိုင်တန်းများကို ၂၀၁၈ - ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျိုက်ထိုမြို့၊ မြို့မဈေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက မူလလမ်းမကြီးမှ ဖယ်ရှားရှင်းလင်းပြီးတော့ မြို့မဈေးကြီးအတွင်း ရွှေ့ပြောင်းနေရာချထားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကိုယ်စားလှယ်တော်ကြီးအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေရှင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၆-၂၀၁၈ (ကြာသပတေးနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၈

ခုနှစ်၊ ဇွန်လ ၆ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၀း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]